**Palaung Women's Organization**

**ပလောင် (တအာင်း) အမျိုးသမီးအစည်းအရုံး**

P.O Box 98, MaeSot, Tak province 63110, Office Tel: 055546606, Email: <pwotaang@gmail.com>

## မြန်မာနိုင်ငံ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ စစ်တပ်၏ ဖိနှိပ်အုပ်ချုပ်မှုကြောင့် တရုတ်နိုင်ငံသို့ လူကုန်ကူးမှုပြဿနာ တိုးပွားလာခြင်း

**သတင်းထုတ်ပြန် ကြေငြာချက်** ၁၄ ရက်၊ ဇွန်လ၊ ၂၀၁၁ ခုနှစ်။

ရှမ်းပြည်နယ်မြောက်ပိုင်းရှိ မြန်မာစစ်တပ်၏ ဖိနှိပ်မှုနှင့် စီးပွားရေးကြပ်တည်းမှုတို့ကြောင့် တရုတ်နိုင်ငံအတွင်းသို့ ရွှေ့ပြောင်းအလုပ်လုပ်သူ များပြားလာပြီး လူကုန်ကူးမှုပြဿနာများ စိုးရိမ်ထိတ်လန့်ရသည့် အခြေအနေအထိ မြင့်မားနေသည်ကို ပလောင်အမျိုးသမီးအစည်းအရုံးမှ ယနေ့ထုတ်ပြန်လိုက်သော အစီရင်ခံစာတွင် တင်ပြထားပါသည်။

လွန်ခဲ့သည့် ၆ နှစ်တာကာလအတွင်း တရုတ်–မြန်မာနယ်စပ်တွင်ဖြစ်ပျက်ခဲ့သည့် လူကုန်ကူးခံရသူ ၁၁၀ ဦးပါဝင်သော လူကုန်ကူးမှုဖြစ်စဉ် ၇၂ ခုကို ***သိမ်းပိုက်ခံဘဝများ*** အစီရင်ခံစာတွင်မှတ်တမ်းတင်ထားပါသည်။ လူကုန်ကူးခံရသူ အများစုမှာ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ လက်ဖက်တောင်သူအသိုင်းအဝိုင်းမှ ပလောင်အမျိုးသမီးငယ်များ ဖြစ်ကြသည်။

ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်မတော် လက်နက်ချခဲ့သည့် ၂၀၀၅ ခုနှစ် မှစ၍ မြန်မာစစ်တပ်ဖွဲ့တို့ စစ်အင်အားတိုးချဲ့ခြင်း၊ လက်အောက်ခံပြည်သူ့စစ်ဖွဲ့စည်းခြင်းတို့ဖြင့် ပလောင်ဒေသကို ပိုမိုထိန်းချုပ်လာခဲ့သည်။ ထိုဒေသခံ အာဏာပိုင်များသည် စိုက်ပျိုးရေးနှင့် ကုန်သွယ်ရေးအပေါ်တွင် အခွန်တိုးမြှင့်ကောက်ခံလာခဲ့သည်။ ထို့ကြောင့် အမြတ်ဝင်ငွေနည်းလာသောလက်ဖက်လုပ်ငန်းဖြင့် ဆက်လက်ရပ်တည်ရန် မဖြစ်နိုင်တော့သဖြင့် ပလောင်အမျိုးသမီးငယ်များမှာ တရုတ်နိုင်ငံသို့ ရွှေ့ပြောင်းအလုပ်လုပ်ကြရပြီး၊ ယင်းတို့ကို လူကုန်ကူးခံရနိုင်မည့် အန္တရာယ်စက်ကွင်းသို့တွန်းပို့သကဲ့သို့ဖြစ်နေပါသည်။

"ပလောင်အမျိုးသမီးအများစုက အိမ်တွင်းမှုကိစ္စနဲ့ ကလေးပြုစုစောင့်ရှောက်ရတဲ့အတွက်ကြောင့် အမှီအခိုကင်းကင်းနဲ့ ခရီးသွားလာတတ်တဲ့ အတွေ့အကြုံမရှိဘူး။ အဲဒါကြောင့် အမျိုးသမီးတော်တော်များများက သူတို့တွေရောင်းစားခံရတာကို နောက်ကျမှသိတယ်။ အဲဒီအမျိုးသမီးတွေ တရုတ်ပြည်ရောက်တဲ့အချိန်မှာ တရုတ်အမျိုးသားရဲ့ဇနီးမယားအဖြစ် အတင်းအဓမ္မလက်ထပ်ခံရတယ်၊ ဒါမှမဟုတ် ပြည့်တန်ဆာအဖြစ် ရောင်းစားခံရတယ်။"ဟု ***သိမ်းပိုက်ခံဘဝများ*** အစီရင်ခံစာကို သုတေသနပြုစုသူ လိုည်းမိုးခမ်းမှပြောကြားခဲ့ပါသည်။

ရှမ်းပြည်နယ်မြောက်ပိုင်း၌ လူကုန်ကူးမှုများဖြစ်ပေါ်စေရန်ဖန်တီးပေးနေသော အခြားအကြောင်းရင်းများဖြစ်သည့် ပညာရေး အခြေအနေနိမ့်ကျခြင်းနှင့် ဒေသတွင်းဘိန်းစိုက်ပျိုးရေးမြင့်မားလာခြင်းတို့ကိုလည်း ဤအစီရင်ခံစာတွင် ရှာဖွေတင်ပြထားပါသည်။ လွန်ခဲ့သည့်နှစ်အနည်းငယ်ကတည်းက လူကုန်ကူးမှုဆန့်ကျင်တိုက်ဖျက်ရေးကို စတင်ဆောင်ရွက်နေသည်မှာ ထိရောက်မှုရှိပြီး လူကုန်ကူးမှု ပမာဏလျော့ကျလာလျက်ရှိသည်ဟု မြန်မာစစ်အုပ်စု၏ဖွင့်ဟပြောဆိုမှုမှာ မှားယွင်းနေပြီး လူကုန်ကူးမှုဖြစ်ပေါ်စေသောအရင်းအမြစ်များကို စံနစ်တကျကိုင်တွယ်ဖြေရှင်းရန်လိုအပ်နေသည်ကို သိသာထင်ရှားစွာ ထောက်ပြထားပါသည်။

"မြန်မာနိုင်ငံရဲ့ စီးပွားရေးနှင့် လူမှုရေးပြဿနာကြောင့် လူကုန်ကူးမှုပြဿနာ စိုးရိမ်ဖွယ်ရာ မြင့်မားလာတာကို ဖြေရှင်းနိုင်ဖို့အတွက် ပထမဆုံးခြေလှမ်းအဖြစ် မြန်မာနိုင်ငံရှိတိုင်းရင်းသားများမျှော်မှန်းထားတဲ့ စစ်မှန်တဲ့နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲ စတင်ရန် လိုအပ်ပါတယ်"ဟု *သိမ်းပိုက်ခံ ဘဝများ* အစီရင်ခံစာကို အဓိက သုတေသနပြုသူ လိုည်းမိုးခမ်း မှပြောကြားခဲ့ ပါသည်။

ဤအစီရင်ခံစာကို–www.womenofburma.org and www.palaungland.org တွင် ရယူ ဖတ်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် – လိုည်းမိုးခမ်း – 66 (0)8-33302304

- လိုည်းအေးနန်း – 66 (0)8-01159598, လိုည်းပိုးဖိန်း – 085 605 6041